ဖွန် (၁၀)

## ဘုရားသခင် ဖန်ဆင်းတော်မူသမျှသည် ကျွန်ုပ်တို့၏ ပျော်ရွှင်ကျေနပ်မှုနှင့် ကျွန်ုပ်တို့ကောင်းဖို့ရာအတွက်ပင် ဖြစ်သည်။

**ဘုရား**သခင်သည် ဘဝအသက်တာ၏ အခြေခံလိုအပ်ချက်အားလုံးကို ပျော်ရွှင်နှစ်သက်စရာကောင်းအောင် ပြုလုပ်ထားသည်။ အသက်ရှူခြင်း၊ စားခြင်း၊ အိပ်စက်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းနှင့် ချစ်ခြင်းစသည်တို့ဖြစ်ရာ သမ္မာကျမ်းစာက ဘုရားသခင်သည် အရာအားလုံးကို သူ၏အလိုတော်နှင့်အညီ ဖန်ဆင်းထားကြောင်းကို ပြောပြသည်။ (ဗျာ ၄း၁၁) သို့သော် သူသည်မိမိတို့၏ ပျော်ရွှင်ကျေနပ်မှုအတွက်လည်း ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် ဘဝအသက်တာကို ပျော်ရွှင်နှစ်သက်စရာကောင်းအောင် ပြုလုပ်ခဲ့ပြီး ၎င်းကိုခံနိုင်ရန် မိမိတို့အားသင်ပေးခဲ့သည်။ ထိုပျော်ရွှင်နှစ်သက်မှုကို ပေါ်လွင်အောင်ဖော်ပြသည့် မိမိတို့၏အာရုံနှင့် အာရုံကြောများကို ဖန်ဆင်းခဲ့သည်။ မိမိမျက်လုံးများအတွက် နှစ်သက်စရာများကို ကြည့်နိုင်ရန်အတွက် အမြင်လက်ဆောင်ကိုင်၎င်း အရသာရှိသောအစားအစာများအား နှစ်သက်ခံစားနိုင်ရန်အတွက် အရာသာကို၎င်း သဘာဝ၏ သာယာလှပသောအသံနှင့် သာယာသောတေးသံတို့ကို နားထောင်နိုင်ဖို့ အကြားအာရုံကို၎င်း ကြည်နူးနှစ်သက်စရာ အာရုံခံစားမှုအတွက် အထိအတွေ့ကို၎င်း ပန်းရနံ့များ၏ သင်းပျံ့မှုကိုခံစားနိုင်ရန် အနံ့အသက်ကို၎င်း ဘုရားရှင်သည် မိမိတို့အား လက်ဆောင်အဖြစ်ပေးအပ်ထားသည်။

မိမိတို့၏ ကောင်းဖို့ရာအတွက် ဘုရားသခင်သည် ပျော်ရွှင်နှစ်သက်မှုကို ဖန်ဆင်းထားပေးခဲ့ရာ အချို့သောသူများက ၎င်းသည်အပြစ်ရှိကြောင်း အသွန်အသင် ခံရသည်။ ပျော်ရွှင်ကျေနပ်မှုကို ဖြစ်စေသည့်အရာက အချို့ကိုခံစားခြင်းက အပြစ်ရှိကြောင်းသွန်သင်ခြင်းကို ခံခဲ့ရသည်။ သမ္မာကျမ်းစာအရ ယင်းက ထိုသို့မဟုတ်ပါ။ ပျော်ရွှင်ကျေနပ်စရာက ဘုရားရှင်ဖန်ဆင်းခဲ့သည့်အတိုင်း မဖြစ်တော့မှသာ သို့မဟုတ် ယင်းကိုအသုံးပြုရန် ရည်ရွယ်ထားခဲ့သည့်အတိုင်း မဟုတ်တော့မှသာ ဘုရားရှင်နှင့် ဆန့်ကျင်ဘက် ဖြစ်လာတော့သည်။ ယင်းကိုလွဲမှားစွာ အသုံးပြုသောအခါ အလွန်အကျွံ လိုက်စားလာသောအခါ မိမိတို့အတွက် သူလိုချင်သောအရာနှင့် ဘုရားရှင်တို့ကို ဦးစားမပေးဘဲ ထိုအရာများအား ရှေ့တန်းတင်လာသောအခါများတွင် မသန့်မရှင်း အပြစ်ဖြစ်လာတော့သည်။

လက်တွေ့ကျ ထိရောက်သောနည်းလမ်းက ရိုးရှင်းသည်။ မည်သည့်အရာကို မိမိလုပ်ဆောင်သည်မဆို ဘုရားသခင်အား ပထမနေရာတွင်ထားပါ။ ထိုအခါသူ၏ ကောင်းမြတ်သော အရာအားလုံးကို ယုံကြည်ခြင်းအပြည့်အဝနှင့် သင်သည်ပျော်ရွှင်နှစ်သက်စွာ ခံစားရမည်။ ဤအရာအားလုံးနှင့် ကောင်းကင်နိုင်ငံ အပါအဝင်ပင်ဖြစ်သည်။